အင်းကုန်းကျေးရွာ

ကျောက်ဆည်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၈-၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အင်းကုန်းကျေးရွာ၊ကျောက်ဆည်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၈ခုနှစ်၊ဧပြီလ

## မာတိကာ

မာတိကာ
၁ ၁စကားချီး
၆

အင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကျောက်ဆည်မြို့နယ်
၇ **အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**
၈

**၁။ နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု**
၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**
၁၀

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီးပွားရေးအခြေအနေဝင်ငွေ ၊ ပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(ဃ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**
**၁၃**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ ၁၇**

**အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၁၉**

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ် ၂၁**

**၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ ၂၂**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ ၂၆**

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ
၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်းပတ်ရန်နှင့်ပြုပြင်ထိန်သိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်
၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း
၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာအကူအညီ
နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁)စီမံကိန်းဇယားများ
၃၂
(၁)လူမှုစီးပွားရေးအခြေအနေ
ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား
ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား (၅) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ
ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ
ဇယား (၇) ကျေးရွာ၏ ဝမ်းစာဖူးလုံမှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

## (၂)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်ရေန်အတွက်
ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၃၀)
မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာမတတ်မြောက်မှုနှုန်း
ဇယား(၃၁) ကျောင်းတက်နှုန်း
ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား(၃၄) အဖြစ်များသောရောဂါများ
ဇယား(၃၅) လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား(၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား(၃၈) အိမ်သာအမျိုးအစား
ဇယား(၃၉) ကျား - မ ရေးရာ
ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား(၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား(၄၂)
ရေကြောင်းသယ်ယူပို့ဆောင်ရေး(အသုံးမပြုပါကအကွာအဝေး(မိုင်)အကွက်အောက်ရှိ အသုံးမပြုပါအကွက်တွင်(✓)ပါ )။
ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား(၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား(၄၆) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား(၄၇) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား(၄၈) မူခင်းဖြစ်ပွားမှုအခြေအနေ
**နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)** ၆၅
ကိုးကားချက် ၇၁

**အပိုင်း(ခ)စီမံချက်ဆိုင်ရာအချက်အလက်**

၇၂

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

အတိုကောက်စကားလုံးများ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၂ခုနှစ်အထိ(၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါ ဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦးအနေဖြင့်စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး နှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းစီစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှု များ ဆက်လက် လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန် အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု

ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်း ပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာ ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ ၊ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

**ဧပြီလ၊၂၀၁၈ခုနှစ်**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**အင်းကုန်းကျေးရွာ၊ကျောက်ဆည်မြို့နယ်**



**အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်**

**(၁)နိဒါန်း**

(က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီ အစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည် ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသောပြဿနာများ၊ ထိုပြဿနများဖြစ်ရသည့် အရင်းခံအချက်များ ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေ သော အချက်များနှင့် အဟန့်အတားများဖြစ်သော အချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များ ဖြစ်သောအစိုးဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ ၊

ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက် သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

## နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီမျာ းကိုစုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင် ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန် ဆောင်များ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာဖြစ်မြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ် ၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ခ)စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တက်နိုင်သော ငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံ ကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများရှိနေပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု ပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

**၂။ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

**(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် ရန်ကုန်၊မန္တလေးအဝေးပြေးလမ်းမကြီး၏ အရှေ့ဘက်တွင်တည်ရှိပြီး၊ ကျောက် ဆည်မြို့၏ တောင်ဘက်(၅)မိုင်အကွာတွင် တည်ရှိပါသည်။ အရှေ့ဘက်(၇)မိုင်ခန့် အကွာတွင် ရှမ်း တောင်တန်းရှိပြီးဇော်ဂျီရေလှောင်တမံမှအရင်းခံ၍ စီးဆင်းလာသော ဇော်ဂျီမြစ်နှင့်ကွမ်းဆေးမြောင်း တို့ကလည်း ကျေးရွာ၏လယ်ယာမြေများအကြား ဖြတ်သန်းစီးဆင်းကြသဖြင့် သဘာဝအလှရှုခင်းများကို ထုဆစ်ပုံ ဖော်ထား သကဲ့သို့ သာယာလှပနေပါသည်။ မိုးကောင်းသောနှစ်များတွင် ထိုဆည်ရေ များမှ စိုက်ပျိုးရေးကို သွယ်ယူရရှိ နိုင်သဖြင့် တောင်သူများအတွက် အတန်အသင့် စိုက်ပျိုးရေလုံ လောက်စွာ ရရှိပါသည်။ သို့သော်ရေသွယ် မြောင်းများနှင့် အလှမ်းကွာသော စိုက်ခင်းများကိုမူ တောင်သူတို့မှ ကိုယ်ပိုင်စက်ရေတွင်း များတူးပြီး၊ ဝမ်းစာအတွက် တပိုင်တနိုင် စိုက်ပျိုးကြရပါသည်။တစ်နှစ်ပတ်လုံးတွင် အများအားဖြင့် ကဆုန်၊နယုန်လများတွင် မိုးအနည်းငယ်ရွာ၍ သီတင်းကျွတ်လတွင်သာ မိုးရွာသွန်းမှုရှိသဖြင့် ရာသီဥတုမှာ ပူပြင်းခြောက်သွေ့ပြီး အပူချိန်လွန်ကဲသည့် အခြေအနေများကို ခံစား ရပါသည်။

**(ခ)သဘာဝအရင်းအမြစ်များ**

ကျေးရွာ၏ အရှေ့ဘက်တွင် သဘာဝတောတောင်နှင့် မြစ်ချောင်းများ ရှိနေခြင်းကြောင့် သဲ၊ ကျောက်များကို အလွယ်တကူ ထုတ်လုပ် ရရှိနိုင်ပါသည်။ ၎င်းသယံဇာတ အရင်းအမြစ်များမှတဆင့် ထုံး ၊ဘိလပ်နှင့်အင်္ဂတေ ကုန်ကြမ်းများကိုလည်းဒေသထွက်ကုန်အဖြစ်တပိုင်တနိုင် ထုတ်လုပ်နိုင်ကြ ပါသည်။

**၃။ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က)လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ**

ကျေးရွာတွင် အိမ်ထောင်စု(၃၁၀)စုရှိပြီး၊ လူဦးရေပေါင်း(၁၄၉၁)ဦးရှိကာ (၁)အိမ်ထောင်လျှင် ပျမ်းမျှ လူဦးရေ(၄ဦး)မှ(၅ဦး) အကြားရှိပါသည်။ ကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စုဦးရေ(၄၃%) သည် ဆင်းရဲ နှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ်

ခံယူကြရပြီး၊(၉%)သည် အလွန်ချမ်းသာ အဆင့်၊(၄၈%)သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင်လယ်ယာ မြေပိုင်ဆိုင်မှု ၊လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အခြေအနေမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမား အိမ်ထောင်စုအချို့မှာလည်း လယ်သမား၊ပန်းရံ၊ဆန်စက်၊ဆီစက်စသော အသေးစားလုပ်ငန်း များတွင်လည်းပ ါဝင်ဆောင် ရွက်ကြသည်။ ငွေချေးသော အိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်း၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းမိသားစု အချို့နည်း အသင့်အတင့်အဆင်ပြေကြသည်။ ကျေးရွာတွင် မြေယာမဲ့ဦးရေ များပြားမှုရှိသော်လည်း ရာသီအလိုက် လယ်ယာ လုပ်ငန်းဆောက်လုပ်ရေး၊ဆန်ကြိတ်စက်၊ ဈေးသည်နှင့် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မှု တို့ကြောင့်တစ်ဦးလျှင်တနေ့ပျမ်းမျှနေ့စားခ (၃၀၀၀)ကျပ်မှ(၆၀၀၀)ကျပ် အထိ လုပ်ငန်းအလိုက် ဝင်ငွေရရှိကြ ပါသည်။

**(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု**

ကျေးရွာသည်ယေဘုယျအားဖြင့် အလယ်အလတ်တန်းစားအဆင့်တွင်ပါဝင်သည်ဟုလူဦးရေ နှင့် သန်းခေါင်စာရင်း ကောက်ယူချက်အရ သတ်မှတ်နိုင်သည်။ကျေးရွာအိမ်ထောင်စုဦးရေး၏(၄၃%) ဖြစ်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်မှ ဝင်ငွေနိမ့်သောအိမ်ထောင်စု(၂၀)တို့အားလေ့လာဆန်းစစ် ချက်အရ မြေယာမဲ့၊ လက်လုပ်လက်စားများ၊ ရက်တို၊ လတိုရွှေ့ပြောင်းလုပ်သားများ ဖြစ်ကြသော်လည်း လျော့စားခြင်း၊ နပ်မှန်စားခြင်း၊အခြားအစားပြောင်းလဲခြင်း စားသုံးခြင်းမရှိပဲပုံမှန်(၃)နပ်ပြည့်အောင် စားနိုင်ကြပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၂၆%)သည် အကြွေးလက်ရှိတင်ရှိနေခြင်း မရှိပါက အကြွေးတင်ရှိ သော အိမ်ထောင်စုဝင်များ၏ (၂၃%) သည် လက်ယာသုံးစက်ကိရိယာများဝယ်ယူခြင်း၊ စီးပွားရေး လုပ်ငန်းများ

တိုးချဲ့ခြင်း၊တပိုင်တနိုင်မွေးမြူရေးနှင့် လယ်ယာစိုက်ပျိုးစရိတ် ထုတ်ယူခြင်းတို့အတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းနှင့် အသေးစားချေးငွေလုပ်ငန်းတို့မှ ထုတ်ယူကြပြီး၊ ကျန်မိသားစုဝင် များသာလျှင် စားဝတ်နေရေးနှင့် လူမှုရေးတို့အတွက် ချေးယူသုံးစွဲကြရပါသည်။

ကျေးရွာတွင် လူထုတစ်ရပ်လုံးအတွက် ထိခိုက်လွယ်မှုဖြစ်နိုင်သော အခြေအနေအကြောင်း အရပ်များအနက် အဓိကအကျဆုံးအချက်များမှာ မီးဘေးအန္တရာယ် ကျရောက်နိုင်ခြင်း၊ သွေးလွန် တုတ်ကွေးနှင့်ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ မြွေအန္တရာယ်တို့ဖြစ်သည်။ အခြားထိ ခိုက်လွယ်မှု ပြဿနာများမှာ လူလတ်ပိုင်းအများစုသည် စားဝတ်နေရေးအတွက် ကျေးရွာပြင်ပသို့ နေ့ချင်း ၊ရက်တိုရက်ရှည် သွားရောက် လုပ်ကိုင်နေမှုတို့ကြောင့် ယာဉ်မတော်တဆ ထိခိုက်မှုများ၊လိင်မှုတဆင့် ကူးစက်တတ် သောရောဂါများ အရက်နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု အန္တရာယ်တို့ဖြစ်ပေါ်နိုင် ချေများရှိပါသည် ကျေးရွာသည် အဝေးပြေးလမ်းမအနီးတွင် တည်ရှိသဖြင့် ယာဉ်ထိခိုက်မှု အန္တရာယ်များလည်း မကြာခဏဖြစ်ပွားပြီး ၊ သာမန်နှစ်က လူငယ်နှစ်ဦး သေဆုံးသည်အထိဖြစ်ခဲ့ပါ သည်။

**(ဃ)ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာသည်ရာသီအကူးအပြောင်းတွင်ဖြစ်ပေါ်တတ်သော ရာသီတုတ်ကွေးမှအပ ယေဘုယျအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ရေသွင်းစိုက်ပျိုးသော လယ်ယာမြေများ၊ မြောင်းလက်တံများရှိခြင်းကြောင့် နွေရာသီနှင့်မိုးတွင်း ကာလတို့တွင် တခါတရံအသက် (၁၅)နှစ် အောက်ကလေးများတွင် ဝမ်းပျက်ဝမ်း လျှောနှင့်၊ သွေးလွန်တုတ်ကွေးရောဂါများ ဖြစ်ပေါ်မှုကို ခံစားရပါသည်၊ မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာန တာဝန်ကျ ဆရာ/မများမှ လစဉ်နှင့်စီမံချက်ကာလ တို့တွင် ကျန်းမာရေးစောင့်ရှောင်မှုကို အပြည့်အဝပေးပါသည်။ သို့သော် ကျေးလက် ကျန်းမာရေး ဆေးခန်းအဆောက်အအုံသာထားရှိပြီး အမြဲခန့် ကျန်းမာရေး ဆရာ/မ မရှိခြင်း ကြောင့် နာမကျန်းသူများနှင့်သက်ကြီးရွယ်အိုများတွင် ဖြစ်ပွားတတ် သော သွေးချို၊ ဆီးချို၊

နှလုံးနှင့်သွေးတိုး ရောဂါဝေဒနာရှင်များ၊ အခြားရောဂါခံစားရသော ဝေဒနာရှင်များမှာ ကျောက်ဆည်မြို့ပေါ်ရှိ ဆေးရုံနှင့် ဆေးခန်းများသို့ သွားရောက်ကုသရပါသည်။ လေ့လာဆန်းစစ်ချက်အရ ရွာသူ/သားများအားလုံး အာဟာရ ပြည့်ဝမှုရှိကြောင်း တွေ့ရှိရပါသည်။

**(င)ပညာရေးနှင့်ကျွမ်းကျင်မှု**

ကျေးရွာတွင် အများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်အချက်နိုင်ကြပါသည်။ လုံးဝ ကျောင်းမနေဘူးသူသည် စုစုပေါင်းလူဦးရေ၏ (၁.၂%)ရှိပါသည်။ ကျေးရွာလူဦးရေ၏ ရာခိုင်နှုန်းအ များစုမှာ မူလတန်းအဆင့်ကိုပြီးမြောက်အောင် သင်ကြားနိုင်ခဲ့ကြပြီး၊ယခုအခါတွင် ခေတ်ကာလတိုး တက်ပြောင်း လဲလာမှု၏ ရလဒ်ကြောင့် အများစုမှာအခြေခံပညာအလယ်တန်းနှင့်အထက်တန်းအဆင့် သို့ပြီးမြောက်သည်အထိ သင်ယူနိုင်ခဲ့ကြပါသည်။ အသက်(၁၅) နှစ် မှ(၆၄)နှစ် အကြားလူဦးရေ၏ (၁၅%)သည် တက္ကသိုလ်အဆင့်ပြီး မြောက်ပြီးသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယမန်နှစ်ကစတင်ပြီး ကျေးရွာမူလတန်းကျောင်းအား မူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ထားခြင်းကြောင့် ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်ရွာများမှ ကျောင်း သား/ သူများမှာ အလယ်တန်းအဆင့်ပညာရေးအထိ အဆင်ပြေလွယ်ကူစွာ သင်ယူနိုင်ကြပါသည်။ ကျောင်း အဆောက်အုံ၊ပရိဘောဂသင်ထောက်ကူနှင့် ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားနိုင်ပါက ပညာရေးအတွက် အခွင့် အလမ်းကောင်းများ ပိုမိုရရှိနိုင်ပါ သည်။

အသက်မွေးဝမ်းကြောင်း ပညာရပ်အနေနှင့် ပန်းရံ ၊လက်သမား၊ လယ်ယာသုံးစက်ကိရိယာ ထွန်ယက်မောင်းနှင်ခြင်း ၊ ပြင်ဆင်ခြင်း ၊ အမျိုးသမီးများအနေဖြင့် အလှပြင်လုပ်ငန်းနှင့် စက်ချုပ် လုပ်ငန်းအတတ်ပညာများဖြင့် အသက်မွေးဝမ်းကျောင်း ပြုလုပ်ကြပါသည်။

**ကျား၊မဆိုင်ရာဆက်နွယ်မှု**

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုအထောက်အကူအဖွဲ့(၂)ဖွဲ့ ၊ဘာသာရေးနှင့် ကျန်းမာရေးအထောက်အကူပြု အဖွဲ့(၂)ဖွဲ့၊မိဘဆရာအသင်း၊အမျိုးသမီးဝတ်ရွတ်အသင်းတို့ဖွဲ့စည်းထားပါသည်။ အခြားအဖွဲ့အစည်းများမှာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီ၊သမဝါယမအသင်းတို့ ဖြစ်ကြပါသည်။ အသင်းအားလုံးသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်ပြီး၊ အုပ်ချုပ်ရေးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြ ပါသည်။

## (ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါး၊နှမ်း၊ငရုတ်၊ ကုလားပဲကို အဓိကစိုက်ပျိုးပြီး၊ကွမ်းရွက်ပင်နှင့် နနွင်းပင်တို့ ကိုလည်းအနည်းငယ် စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၇၀)ခန့်ရှိပြီးသီးထပ်အဖြစ် နှမ်း၊ငရုတ်နှင့် ကုလားပဲတို့ကိုစိုက်ပျိုးကြသည်။ နွေစပါးဧက(၅၀)ကို ဇော်ဂျီရေလှောင် တမံမှရေသွင်း စိုက်ပျိုးကြ သည်။ မိုးစပါးပျမ်းမျှ အထွက်မှာ(၄၈.၅)တင်း နွေစပါး(၈၀)တင်းနှင့် နှမ်း(၆)တင်း နှုန်းထွက်ရှိကြ သည်။ဈေးကွက် လိုအပ်ချက်အရ ဌက်ပျောစိုက်ပျိုးမှုများလည်း ရှိကြပါသည်။ တောင်သူအများစု သည် အလုပ်သမား ရှားပါးမှုအခက်အခဲများကိုငှားရမ်းရပြီး၊ ယင်းပြဿနကိုဖြေရှင်းနိုင်ရန်အတွက် စက်ကိရိယာ များကို ငှားရမ်းဝယ်ယူပြီးအစားထိုး လုပ်ကိုင်ကြရသဖြင့် စိုက်ပျိုးရိတ်သိမ်း စရိတ်မြင့် မားမှုပြဿနာများလည်း ကြုံတွေ့ကြရပါသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက် တစ်ရွာလုံး၏ (၅%)ဝန်းကျင်သာရှိပြီး ဒေသမှဝက်များကို မွေးမြူကြသည်။အသားတိုးကြက်နှင့်ဘဲမွေးမြူရေးငါးကန်လုပ်ငန်းများကိုလည်း လူနည်းစု အနေဖြင့် လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရော ဂါများ အထူးသဖြင့် ကြက်နာရောဂါ၊ ခွာနာလျှာနာရောဂါ။ ဝက်နားရွက်ပြာ ရောဂါတို့ဖြစ်ပွားလေ့ ရှိပြီး၊နည်းပညာဝန်ဆောင်မှုကို မြို့နယ် တိမွေး/ကုဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှု ကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။

## (ဂ)စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းအနည်းငယ်ရှိပါသည်။အုတ်အဂတေလုပ်ငန်း၊ပဲစိမ်း ကြော်ဖြန့်ချီရေးလုပ်ငန်း၊ မိတ်ကပ်ဆံပင်အလှပြင်လုပ်ငန်း ၊ အပ်ချုပ်လုပ်ငန်း၊ကုန်စုံဆိုင်၊ မော်တော် ဆိုင်ကယ်နှင့် အသေးစားစက်ပြင် လုပ်ငန်းများကိုလည်း

ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါ သည်။ မြေယာမဲ့ပြီးရင်းနှီး လုပ်ကိုင်ရန် ငွေကြေးမတတ်နိုင်သူ လူနည်းစုတချို့သည် ကွမ်းခြံလုပ်ငန်း ၊နိုင်ငံခြား မျိုးသီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်း လုပ်ငန်းတို့တွင် နည်းပညာနှင့် လုပ်အားကိုအသုံးပြုရန် သက်မွေးဝမ်း ကျောင်းပြုသူများရှိသကဲ့သို့ ရွာတွင်းနှင့်နီးစပ်ရာသို့ ကုန်စိမ်းနှင့် သားငါးများကိုလှည့် လည် ရောင်းချခြင်း ပလပ်စတစ် ၊ သံထည်ပစ္စည်းများ ၊ အချိုရည်ဘူးခွံ ၊ဘီယာဘူးခွံနှင့်လျှပ်စစ် ပစ္စည်း အဟောင်းများစသော စွန့်ပစ်အမှိုက်များကို သင့်တင့်သော နှုန်းထားများဖြင့်တဆင့်ကောက် ယူပြီး၊မြို့ပေါ်သို့ သွားရောက် ရောင်းချသူ များလည်းရှိပါသည်။

## (ဃ)သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါး၊နှမ်း၊ငရုတ်နှင့်ကုလားပဲမျိုးများကို အဓိကစိုက်ပျိုးကြပြီး ၎င်းစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်ခြင်း၊မြေဆီလွှာများပျက်စီးဆုံးရှုံး လာရခြင်းတို့ကြောင့် တောင်သူများအနေဖြင့် ပိုးသတ်ဆေးနှင့်ဓါတ်မြေဩဇာများကို အစဉ်သုံးစွဲလာကြရသဖြင့် မြေယာများပျက်စီးခြင်း၊ သဘာဝလေထု ညစ်ညမ်းမှု၏ ဆိုးကျိုးများကို ခံစားရခြင်းများလည်းရှိပါသည်။

အလုပ်သမားရှားပါးမှုပြဿနာကြောင့် ခိုင်းနွားများအစား ၊ စက်ကိရိယာများကို အစားထိုး အသုံးပြု ရခြင်းသည်လည်း မြေဆီလွှာနှင့် သဘာဝမြေဩဇာရှားပါးမှု၏အဓိကပြဿနာ တစ်ရပ်ဖြစ်သည် မြေဆီလွှာနှင့် သဘာဝမြေဆီလွှာထိန်းသိမ်းခြင်း၊ သဘာဝဘေး အန္တရာယ်ကျရောက်မှု လျော့ပါးလာစေ ရေးအတွက် ယခုအခါတောင်သူများသည် နှစ်ရှည်သီးပင်များစိုက်ပျိုးခြင်း၊ သစ်ရွက်ဆွေးနှင့် တိရိစ္ဆာန်များမှ ထွက်ရှိသော အညစ်အကြေး(ဥပမာ)နွားချေး၊ကြက်ချေး၊ ဆိတ်ချေးစသည့်တို့ကို လယ်ယာမြေများအတွင်း ပြုပြင်အသုံး ပြုလာကြသည်။

## (င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှ တောင်သူများသည်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် တစ်နှစ် အတိုးနှုန်း(၅၀)ပြား၊တစ်ဧက(၁သိန်း)ခွဲ ကျပ်နှုန်းချေးယူနိုင်သကဲ့သို့ သမဝါယမအသင်းဝင် တောင်သူများ အနေဖြင့်လည်း တစ်ဦးလျှင်(၁သိန်း)မှ(၁သိန်း)ခွဲအထိအတိုးနှုန်း(၁.၅)ကျပ်ဖြင့်(၆)လ တစ်ကြိမ် ချေးငှား ခွင့်ရှိသည်။ထိုပြင် လယ်ယာသုံးစက်ပစ္စည်းများ ဝယ်ယူလိုပါကလည်း ၎င်းဘဏ်များနှင့် ဆက်သွယ်ရန် သက်သာသော အတိုးနှုန်းဖြင့်အရစ်ကျ ဝယ်ယူနိုင်ပါသ်ည။ မြေယာမဲ့နှင့်အခြေခံ လူတန်းစားများအတွက် စားဝတ်နေရေးပြဿနများ ဖြေရှင်းနိုင်စေရန် ပုဂ္ဂလိကအသေးစားချေးငွေ လုပ်ငန်းများမှလည်း (၂)ကျပ်မှ(၂.၅) အတိုးနှုန်းဖြင့် အိမ်ထောင်စုတစ်စုလျှင်(၃)သိန်းကျပ်အထိချေး ယူနိုင်ပါသည်။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်
မူလတန်းလွန်ကျောင်းရှိပြီး၊ကျောင်းအဆောက်အအုံများမှာလည်းသွပ်မိုး၊အုတ် နံရံ နှင့် အဂတေအခမ်းများဖြင့် ဆောက်လုပ်ထားပါသည်။ အခြေခံပညာသင်ယူနေကြသောကျောင်းသားများအတွက် အလယ်တန်းအဆင့်အထိ မိမိကျေးရွာတွင်သင်ကြားခွင့်ရရှိနိုင်သဖြင့်ယာဉ်မတော် တဆထိခိုက်မှု၊ စာရိတ္တချို့ယွင်းမှု၊လူကုန်ကူးခံရမှုနှင့် ကလေးသူငယ်ဆိုင်ရာ လူအခွင့်အရေးဆုံးရှုံးမှု များလည်းလျော့နည်းနိုင်ပါသည်။ ကျေးရွာရှိမူလွန်ကျောင်းကို ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် နိုင်ငံတော်အစိုးရ ပညာဝန်ကြီးဌာနမှ မူလတန်းအဆင့်မှ မူလတန်းလွန်အဆင့်သို့ တိုးမြှင့်ပေးခဲ့ပါသည်။ ကျောင်းတွင် ၁၉၈၉ခုနှစ်က ကျေးရွာမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော ကျောင်းဆောင်(၁) ဆောင်၊၂၀၁၄ခုနှစ်ကနိုင်ငံတော်အစိုးရကဆောက်လုပ်ပေးသော ကျောင်းဆောင်(၁)ဆောင်၊၂၀၁၇ခုနှစ်ကအနော်ရထားဖောင်ဒေးရှင်း၏ဥက္ကဌ ရွှေရောင် မျိုးဆက်သစ်ဆရာတော်မှဆောက်လုပ်လှူဒါန်း ထားသော မူလွန်အဆင့် ကျောင်းဆောင်(၁) ဆောင်အပါအဝင်ကျောင်းဆောင်(၃)ဆောင်ရှိပါသည်။ ကိုယ်ထူကိုယ်ထကျောင်းဆောင်မှာနှစ်ပေါင်း(၃၀)နီးပါး ခန့်ကြာမြင့်နေပြီး ဖြစ်ခြင်းကြောင့်ကျောင်းနံရံနှင့်ပြဆင်းတံခါးများမှာလည်း ပျက်စီးယိုယွင်းနေပါသည်။ ယခုအခါကျောင်းသားဦးရေများပြားလာ သည့်နှင့်အမျှ အလယ်တန်း အဆင့်ဆရာ/မအင်အား/သင်ထောက်ကူနှင့် အဆောက်အဦးများလည်းအနည်းငယ်ဖြည့်တင်းရန်လိုအပ်ပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးခန်းရှိပါသည်။ သို့သော် အမြဲတမ်းခန့်ထားသော ဆရာ/မများ မရှိသဖြင့် နာမကျန်းဖြစ်သူများ ကိုယ်ဝန်ဆောင် နှင့် ကလေးမိခင်များ၊ ထိခိုက်အနာတရဖြစ်သူများသည့် ကျေးရွာနှင့်( ၃)မိုင်အကွာရှိ သမန္တလင်းကျေးရွာကျေးလက်ကျန်းမာရေးဌာန၊မင်းစုတိုက်နယ် ဆေးရုံ၊ ကျောက်ဆည်ပြည်သူ့ ဆေးရုံနှင့် ဆေးခန်းများသို့ သွားရောက်ကုသရပါသည်။

ကျေးရွာအိမ်ထောင်စုဦးရေ၏ (၉၅%)မှာ ကိုယ်ပိုင်အဝီစိတွင်းများ တူးဖော်ထားသဖြင့်သောက်
ရေသုံးရေများကိုအဆင်ပြေလွယ်ကူစွာသုံးစွဲနိုင်ပါသည်။အိမ်ထောင်စုဝင်(၂၅)စုတို့သာ အဌားသုံးစွဲရ ပါသည်။

အိမ်ထောင်စုဝင်အားလုံး၏ (၄%)သည်ရေဆွဲအိမ်သာကို
အသုံးပြုပြီး၊(၈၉%)သည်ယင်လုံနှင့် ရေလောင်း အိမ်သာများကို အသုံးပြုကြပါသည်။

အလွန်ဆင်းရဲသောအိမ်ထောင်စု(၇%)သာလျှင် မြေနေရာ အခက်အခဲကြောင့်အငှားသုံးစွဲကြရပါသည်။

**(ဆ)လူငယ်၊ယဉ်ကျေးမှု၊အားကစား**

ကျေးရွာ လူငယ်များ၏(၁၅%)မှာ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးတို့တွင် အစဉ်တစိုက်ပါဝင်မှု ရှိပါသည်။ (၆၅%)မှာ အခါအားလျော်စွာပြုလုပ်သည့် ကျေးရွာလုပ်ငန်းများတွင် ပူပေါင်းပါဝင်ကြပြီး၊(၁၀%)ခန့်မှာ နိုင်ငံဝန်ထမ်း၊ကုမ္ပဏီဝန်ထမ်းများဖြစ်ခြင်း၊ ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရခြင်းတို့ကြောင့်တခါတရံသာ ဝင်ရောက်လုပ ်ကိုင်နိုင်ကြ သည်။ကျေးရွာရှိ လူငယ် စုစုပေါင်း၏ (၁၀%)မှာမူ ပူးပေါင်းပါဝင်ခြင်း မရှိပေ။ကျေးရွာသည်အဓိကအားဖြင့် တောင်သူအခြေခံ ကုန်ထုတ် လုပ်ငန်းများ ကိုလုပ်ကိုင် ဆောင်ရွက်ကြရသဖြင့် မိုးတွင်းကာလ လုပ်ငန်းအခက်အခဲဖြစ် ချိန်များနှင့် သင်္ကြန်ကာလ များတွင် လူငယ်များစုပေါင်း၍ လမ်းများ ပြုပြင်ခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကို နှစ်စဉ်ပြုလုပ်ကြပါသည်။ လူငယ်အများစုသည် ဘာသာရေးဆိုင်ရာ သာသနိက အဆောက်အအုံများဆောက်လုပ်ခြင်း၊ သီတင်းကျွတ် နှစ်သင်္ကြန် ကာလ အထူးတရားစခန်းများတွင် လုပ်အားဒါနကုသိုလ်ပြုခြင်းတို့ကို အထူးအလေးထားဆောင်ရွက်ကြသည်။ကျေးရွာတွင် အားကစား ကွင်းရှိသော်လည်း စားဝတ်နေရေးပြဿနာ ဖြေရှင်းနေရခြင်း ကြောင့် လုံလောက်သည့်အချိန်မရရှိနိုင်ကြပါ။ လူငယ်အချို့သာ အစုအဖွဲ့အလိုက် ဘောလုံးနှင့် ဘော်လီဘော ကစားခြင်း ကိုသာ အနည်းငယ်လုပ်နိုင်ကြပါသည်။

**(ဇ) အခြေခံအဆောက်အဦးများ လက်လှမ်းမှီမှု၊လမ်းတံတား**

**လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာသည်ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီးပေါ်တွင် တည်ရှိရန်လမ်းပန်းဆက်သွယ် ရေးမှာ အထူးကောင်းမွန်ပါသည်။အဝေးပြေးလမ်းမမှတဆင့် ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာ၊တောင်ကြီး၊ မြင်းခြံ၊ စစ်ကိုင်းနှင့် ပုဂံညောင်ဦးမြို့များသို့ မော်တော်ကားဖြင့်တိုက်ရိုက် သွားလာနိုင်သဖြင့်ဒေသ ထွက်သီးနှံများ ကိုလည်းလွယ်ကူ အဆင်ပြေစွာ ပို့ဆောင်နိုင်ပါသည်။ကျေးရွာလမ်းသည်ကိုယ်ထူကိုယ် ကျောက်ချောလမ်း ဖြစ်သော်လည်း မိုးတွင်းကာလများတွင် ချိုင့်ကွက်များဖြစ်ပေါ်ခြင်း၊ ရေနုတ်မြောင်းများမှ ရေကြီးရေလျှံခြင်း တို့ကြောင့် နှစ်စဉ်လိုလိုပြုပြင်နေကြရပါသည်။

ကျေးရွာနယ်နိမိတ်အတွင်း ဆောက်လုပ်ထားသောလမ်း၏ ပေအရှည်မှာ(၅၂၈၀)ပေ(၁)မိုင် အထိရှည်လျားပါသည်။ကျေးရွာချင်းဆက်လမ်းများမှတဆင့် ခရိုင်ပတ်လမ်းအထိ

ဆက်သွယ်သွားလာ နိုင်ပါသည်။ ရွာသူ/သားများအနေဖြင့် လုံလောက်သော ငွေကြေးပံ့ပိုးမှုများ မထည့်ဝင်နိုင်ခြင်း၊နည်း ပညာများ အားနည်းခြင်းတို့ကြောင့်အဆင့်မှီ ကွန်ကရစ်လမ်းအဖြစ်သို့တိုးမြှင့် လုပ်ဆောင်နိုင်ခြင်းမရှိ သေးပါ။ နိုင်ငံတော်အစိုးရမှ နည်းပညာနှင့်လိုအပ်ချက်များအားပံ့ပိုးကူညီရန်အဆင့်မှီ ကွန်ကရစ်လမ်း အဖြစ် တည်ဆောက်ပေးနိုင်ပါက ကုန်ထုတ်လုပ်မှုနှင့်ခရီးသွားပို့ဆောင်ရေး၊ ကုန်စည်စီးဆင်းနိုင်ရေး တို့အတွက် များစွာအထောက်အကူပြုလာနိုင်ပါသည်။

ကျေးရွာအိမ်ထောင်စု၏ (၂၈၀)ခန့်သည် လျှပ်စစ်မီးကိုသုံးစွဲနိုင်ကြပြီး၊ ကျန်အိမ်ထောင်စုများ မှာဘက်ထရီ၊ ဆိုလာနှင့် ဖယောင်းတိုင်မီးများကို သုံးစွဲနေကြရပါသည်။

၁၉၉၆ခုနှစ်က နိုင်ငံတော်အစိုးရမှကျေးရွာအတွက် (100KVA) ထရန်စဖော်မာ(၁)လုံးအား တပ်ဆင်ပေးခဲ့ပါသည်။ သို့သော် ကျေးရွာတွင် အိမ်သုံးလျှပ်စစ်မီတာ (၂၈၀) ကျော်သာ လက်ရှိသုံးစွဲ နိုင်ကြပြီး၊ လျှပ်စစ်ဓါတ်အားမလုံလောက်မှု၊(400Volt)အား လိုင်းများပြည့်စုံစွာသွယ်တန်းထားနိုင်မှု မရှိခြင်းတို့ကြောင့် ကျန်အိမ်ထောင်စုဝင်များမှာ လျှပ်စစ်မီး သုံးစွဲနိုင်ခွင့် မရရှိကြသေးပါ။ သို့သော် ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ပံ့ပိုးငွေသိန်း(၁၀၀)ကျပ်၊ ပြည်ထောင် စုလွှတ်တော်ပံ့ပိုးငွေသိန်း(၄၀) ကျပ်နှင့် ကျေးရွာလူထု ထည့်ဝင်ငွေတို့ဖြင့် ပူးပေါင်းပြီး၊ ကျေးရွာလျှပ်စစ်မီးကော်မတီမှ ဦးဆောင်၍ လျှပ်စစ်မီးသုံးစွဲနိုင်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါသည်။ အကောင်အထည် ဖော်ဆောင်ရွက် ပြီးစီးပါက၊ ကျေးရွာတွင် အသေးစား စက်မှုလုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများကို ကျေးရွာသူ / သားများ အနေဖြင့်တိုးချဲ့ လုပ်ကိုင်နိုင်ကြသဖြင့် ကျေးရွာ၏ လူနေမှုအဆင့်မှာလည်း ပိုမိုမြင့်မားလာပါသည်။

## ကျေးရွာတွင်မိုဘိုင်းဖုန်းဆက်သွယ်ရေးကိုဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှု

လုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင် မှုမှာအသင့်အတင့် ကောင်းမွန်ပြီး၊ အခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင် သည်။ကျေးရွာတွင် စာကြည့်တိုက် အဆောက်အအုံ ရှိပါသည်။ ပရိဘောဂနှင့်စာအုပ်၊ စာစောင်များထား

ရှိရန်လုံလောက်သောအကျယ်အဝန်းမရှိပေ ။ ထပ်မံပြုပြင်တိုးချဲ့နိုင်ပါကကျေးရွာအနေဖြင့် သတင်း အချက်အလက်များ၊စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ၊ပညာရေး၊ကျန်းမာရေး၊စီးပွားရေးအ

စသော အထွေထွေ ဗဟုသုတများရရှိနိုင်ပြီး အတွေးအခေါ်နှင့် အလုပ်အကိုင်အခွင့် အလမ်းကောင်း များလည်း ပိုမိုသိမြင် လာကြမည် ဖြစ်ပါသည်။

**(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပုံအတိုင်း ဖွဲ့စည်းထား သည်။ပြဿနာ အသေးအဖွဲ့များကို ကျေးရွာအုပ်ချုပ်ရေးမှူးမှ တိုက်ရိုက်စီမံခန့်ခွဲပြီး ၊တရားမမှု၊ ရဲအရေးပိုင်သော အမှုတို့ကိုမူမြို့နယ် တရားရုံးနှင့်မြို့နယ်ရဲတပ်ဖွဲ့စခန်းတို့က ဖြေရှင်းဆောင်ရွက်ပေးပါသည်။ အခြားအထွေထွေ အကြောင်း အခြင်း အရာများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဖြေရှင်းပေးပါသည်။ ကြီးမားသော ပြစ်မှု များဖြစ်ပွားမှုနှုန်းမှာ အလွန်နည်းပါးပါသည်။

**(၅)ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်သောအခြေအနေများ၊အဟန့်အတားများန ှင့်**

**ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(က)ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့်ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန် အထောက်အပံ့ ဖြစ်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက် အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၇၇%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များဖြစ် ကြသည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုနှင့် သက်မွေးဝမ် ကျောင်း သင်တန်းများအား လူငယ်များက ိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်း အမြစ်များကိုတိုးတက် ကောင်းမွန်စေပါ မည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့် ကောင်းမွန်ပြီးကျန်းမာရေးပံ့ပိုး ပစ္စည်းများနှင့် ဝန်ဆောင်မှုများ သို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ကျေးရွာသားများအ နေဖြင့်စိုးရိမ်ရသော ဆေးဝါးကုသလိုမှု အတွက်လည်းကျောက်ဆည်မြို့နယ်ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိပညာရေးအနေအထားအတွက် ကောင်းသောအဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော်အသင့် ကောင်းမွန်သည်။ တောင်သူများလည်းလယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်ပေး

နိုင်သည်။မိုးရွာသွန်းမှုမှာစပါးနှင့် ဆောင်းသီးနှံများ စိုက်ပျိုးရန်အထောက်အပံ့ဖြစ်သည်။ကျေးရွာတွင် သုံးဆယ်ရေ လှောင်တမံမှနွေစပါး(ဖြဂ)ဧကအတွက် ရေသွင်းစိုက်ပျိုးနိုင်သည်။ ကျေးရွာသည်ကျောက် ဆည်၊မန္တလေးမြို့များသို့ ကတ္တရာလမ်း၊ရထားလမ်းတို့ဖြင့်ကူသန်းသွားလာနိုင်သည်။ လမ်းပန်းဆက် သွယ်ရေးကောင်းမွန်သဖြင့်ကျေးရွာထွက်ကုန်များကို အချိန်မီတင်ပို့ ရောင်းချနိုင်သည်။ကျေးရွာတွင် မွေးမြူရေးထွက်ကုန် ရောင်းချရန်ဈေးကွက်ကောင်းသဖြင့် အထူးသဖြင့်ကြက်နှင့်နွားကိုတိုးချဲ့မွေးမြူ ရန်အခွင်အလမ်း သာသည်။သို့သော် တိ/မွေးဦးစီးဌာနမှ လိုအပ်သောနည်းပညာ ပိုင်းဆိုင်ရာပံ့ပိုးမှုကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်း ရောင်းဝယ်မှု ကိုချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်

မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံး ပြုနိုင် မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက် ချိတ်ဆက် အသုံးပြုနိုင်သည်။

**(ခ)အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သည်မှအပအခြားသယံဇာ တများမထွက်ရှိပါ။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအဖို့အထွက် နှုန်းတိုးမြှင့်အောင် အားစိုက်ရပေမည်။

ဇော်ဂျီမြစ်မှရေသွယ် စိုက်ပျိုးနိုင်သော်လည်း နောက်ပိုင်းတွင် ရေသွယ်မြောင်းတိုးချဲ့ဆောက် လုပ်ပြီး ရေသွင်းစိုက်ပျိုးနိုင်မည့် စိုက်ဧကတိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။ ထို့အပြင် ပိုးသတ်ဆေး အချို့ကို ခံနိုင်သောဖျက်ပိုးများလည်း မတ်ပဲစိုက်ခင်းများတွင် ကျရောက်တတ်သည်။ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ် နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာအကောင်အထည်ဖော်ပေးသောအစီအစဉ်မရှိသေးပါ။ တောင်သူ များအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နှင်းရေးကျင့်သုံးနိုင်ရေး အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေတိုးချေးသူများ ရှိသော်လည်းအတိုးနှုန်းမှာ မြင့်မားတတ်သည်။ဘဏ်များမှကျေးရွာ အရောက်ဝန်ဆောင်မှုပေးသော စနစ်လည်း မရှိပဲ

ဈေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမ ှတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိရေး အတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းအတွက် ကုန် ကြမ်း၊ အတတ်ပညာ ၊ အထိအတွေ့တို့အားနည်းပါသည်။

**(၆)ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်ရန် စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်လာ သည့်နှင့်အတူ အခြားကဏ္ဍများကိုလည်း ဖွံ့ဖြိုးစေရန် အောက်ပါရည်ရွယ်ချက် ပန်းတိုင်များကိုရေး ဆွဲထားပါသည်။

(က) စိုက်ပျိုးရေး ၊ မွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မိသားစုများ၏

ဝင်ငွေကိုတိုးပွားစေပြီး၊ဆင်းရဲနွမ်းပါးမှုကိုလျော့ကျစေနိုင်ရမည်။

(ခ) ကလေးများ၏ အနာဂတ်ဘဝ အာမခံရှိစေရန် ပညာရေးကဏ္ဍကို အရှိန်အဟုန်တိုးမြှင့်

ဆောင်ရွက်သွားမည်။

(ဂ)

လူငယ်နှင့်အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အခြေခံသက်မွေးပညာသင်တန်း

များကိုဖွင့်လှစ်သင်ကြားခြင်း၊ဘာသာရပ်ဆိုင်ရာသင်တန်းများနှင့်ချိတ်ဆက်ပေးခြင်း တို့

ဖြင့်လူငယ်ထု၏ပင်ကိုယ်စွမ်းရည်များကောင်းမွန်တိုးတက်စေရမည်။

**(ခ)ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါ ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မီရန်အတွက် အုပ်ချုပ်ရေးအဖွဲ့၊
ဌာနဆိုင်ရာများ၊ကျေးရွာအတွင်းဖွဲ့စည်းထားသောအသင်းအဖွဲ့များ၊ကျေးရွာလူထုတို့နှင့်ပေါ င်းစပ်ညှိ နှိုင်းဆောင် ရွက်သွားမည်။

(၁) စိုက်ပျိုးရေးကဏ္ဍတိုးတက်ကောင်းမွန်စေရန်အတွက် ကုန်ထုတ်လမ်းများ အဆင့်တိုးမြှင့်ခြင်း၊ တောင်သူများနှင့် ပေါင်းစပ်ညှိနှိုင်းရန် ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်း ၊ ရေသွင်းရေထုတ် မြောင်းများ တွင် ရေစီးရေလာကောင်းမွန်စေရန် ဆည်မြောင်းဦးစီးဌာန၏ အကူအညီများရယူကာ စနစ်တကျတူးဖော်ခြင်း ထိန်သိမ်းပြုပြင်ခြင်းများ ဆောင်ရွက်မည်။ထို့အပြင် မျိုးကောင်းမျိုးသန့်နှင့် မြေသြဇာများကို တန်ဖိုးနှုန်း သက်သာစွာ တောင်သူများထံ တိုက်ရိုက်ရရှိရေး၊ နည်းပညာနှင့်အရင်းအနှီးများကို စိုက်ပျိုးရေး ဦးစီးဌာန၏အကူအညီများရယူနိုင်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် လယ်ယာ ထုတ်ကုန်တန်ဖိုး မြင့်တက်လာခြင်း၊အချိန်တိုအတွင်း ဈေးကွက်သို့ စောလျင်စွာပို့ဆောင်နိုင် ခြင်းများဖြစ်ပေါ်လာပါမည်၊၎င်းအချက်များအပြင် လယ်ယာသုံးစက်ကိရိယာများကို သက်သာသော ဈေးနှုန်းများဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရန်အတွက် စက်မှုလယ်ယာကဲ့သို့အစိုးရဌာနများ၊ပြင်ပ ပုဂ္ဂလိကုမ္ပဏီများ နှင့်ချိတ်ဆက်ဆောင်ရွက်မည်။

မွေးမြူရေး လုပ်ငန်းများ တိုးတက်လာစေရန်အတွက် တိ/မွေးကုဦး စီး ဌာန၏ အကူအညီ ထောက်ပံ့များ ရရှိစေရန်ကြိုးပမ်း ဆောင်ရွက်မည်။ တိ/မွေးကုဌာနနှင့်ညှိနှိုင်းရန် မျိုးကောင်းမျိုးသန့်
တိရိစ္ဆာန်ရရှိရေး၊နည်းပညာနှင့်ကျန်းမာရေးအထွေထွေဗဟုသုတရရှိနိုင်ရန် ပညာပေးသောပြောပွဲများ စီစဉ်ကျင်းပခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ချီပေးခြင်းတို့ကိုပြုလုပ်ခြင်းဖြင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူများမှာအသိပညာတိုးပြီး စနစ်တကျသော စီးပွားရေးလုပ်ငန်းရှင်များအဖြစ်တိုးတက် ကောင်းမွန် လာပါမည်။

(၂) ကလေးများ၏အနာဂတ်ဘဝပြည့်စုံကောင်းမွန်ရန် ပညာရေးကဏ္ဍမြှင့်တင် ဆောင်ရွက်ခြင်း
သည်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဓိကအချက်ဖြစ်သည်။'ယနေ့လူငယ်နောင်ဝယ်လူ ကြီး'ဆိုသည့်စကား အတိုင်းအနာဂတ်နိုင်ငံတော်ကြီးကို ဦးဆောင်ကြမည်။ကလေးများအားပညာရေးအခြေခံ ကောင်းရရှိစေရန် အထူးအရေးကြီးပါသည်။ဆရာမိဘပူပေါင်းကျောင်းသားပညာရေးအခြေခံကောင်း ဆိုသည့် ပညာရေးဌာန၏ လမ်းစဉ်ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ရပါမည်။ ထူးချွန် ထက်မြက်သော လူငယ်များပေါ်ထွန်း လာနိုင်ရန်အတွက် မိဘများအနေဖြင့် ပညာသင်ကြားခြင်း၏ တန်ဖိုးကို သဘောပေါက်နားလည်စေရန် မိဘ၊ဆရာအသင်းအစည်းအဝေးများကို မကြာခဏခေါ်ယူ ၍ရှင်းလင်းပြောပြခြင်းဖြင့်တန်ဖိုးရှိသော လူငယ်မောင်မယ်များစွာ ပေါ်ထွန်းလာပါမည်။

အဆောက် အအုံနှင့်ဝန်ထမ်း အင်အားလိုအပ်ချက်ကိုလည်း ပညာရေးဌာနသို့တင်ပြထားပါသည်။

(၃) လူငယ် နှင့် အမျိုးသမီးကဏ္ဍ စွမ်းရည်မြင့်မားမှုသည်လည်း ကျေးလက်လူနေမှုအဆင့်တိုး တက်ရေးကိုများစွာ အထောက်အကူဖြစ်စေပါသည်။၎င်းတို့၏စွမ်းရည်ကို မြင့်တင်နိုင်ရန် အစီအစဉ် များကိုရေးဆွဲထားပါသည်။ယခုအခါလူငယ်အများစုသည် အသက်မွေးဝမ်းကျောင်းအတွက် ဒေသစွန့် ခွာ၍ကြုံရာကျပန်း အလုပ်များကိုရှာဖွေလုပ်ကိုင်ကြရသဖြင့် ကျန်မာရေးပြဿနာ၊အသက်အန္တရာယ် နှင့် အထွေထွေ အခက်အခဲများကို ရင်ဆိုင်ကြရပါသည်။ ထိုလူငယ်များအား ၎င်းတို့၏ ပညာအရည် အချင်း၊ အသက်အရွယ် ကိုယ်ခန္ဓာဖွံ့ဖြိုးမှုတို့အပေါ် မူတည်သတ်မှတ်ရန် အခြေခံအိမ်သုံးလျှပ်စစ်ပြင် သင်တန်း ၊ အီလက်ထရောနစ်စက်ပြင်သင်တန်း ၊အခြေခံကွန်ပျူတာသင်တန်း ၊ တောင်သူအခြေခံ စက်မောင်း စက်ပြင်သင်တန်း ၊ သံဂဟေ နှင့် အလူမီနီယမ် လုပ်ငန်းများကို သင်ကြားပေးရပါမည်။ သင်ကြားပေး နိုင်ရန်အတွက် အချို့သောဌာနဆိုင်ရာများ ၊ သင်တန်းဆရာများ နှင့် ချိတ်ဆက်ထား ပါ သည်။

အမျိုးသမီးများကိုလည်း အိမ်တွင်းမှုလုပ်ငန်းများဖြင့် သက်မွေးဝမ်းကျောင်းပြုနိုင်ရန်အတွက် မိတ်ကပ်ဆံပင်အလှပြင်သင်တန်း၊ စက်ချုပ်သင်တန်း၊ ကွန်ပျူတာစာစီစာရိုက်သင်တန်း ၊ အချက်အပြုတ် သင်တန်း၊ရွှေချည်ထိုးနှင့်မုန့်လုပ်သင်တန်းများ သင်ကြားပေးနိုင်ရန် စီစဉ်လျက်ရှိပါသည်။ထိုကဲ့သို့သင်တန်းများ စီစဉ်ပေးခြင်းဖြင့်လူငယ်နှင့် အမျိုးသမီးများအနေဖြင့် မိမိတို့နေထိုင်ရာ ကျေးရွာ၌သာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နိုင်ခြင်း၊ စီးပွားရေးဆိုင်ရာ အသိအမြင်များ ရရှိလာနိုင်ခြင်း၊ဆက်စပ် လုပ်ငန်းများကိုချဲ့ထွင် လုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ကျေးရွာလူနေမှုအဆင့်မှာလည်းတိုး တက် ကောင်းမွန် လာပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒ အကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေး အဖွဲ့တို့၏ အကြံပြုချက် အရပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကိုရှာဖွေထုတ်ပေးနိုင်ကြပါသည်။

**(က)ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည့်တံ့မည့် အထောက်အပံ့များကိုနိုင်ငံတော် အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများ ကိုပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များ နှင့်ဘတ်ဂျတ်ပမာဏ ပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

**(ခ)စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင်စပါးအပြင် ကုလားပဲကိုသီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာ တစ်ရပ်ဖြစ်ပြီးဖျက်ပိုးထိရောက်စွာ နှိမ်နှင်းရေးအ တွက်နည်းစနစ်ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရ သော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့်ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှု ပိုများသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့်ဝင်ငွေလျှော့နည်းမှု ဖြစ်စေသည်။နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နှင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါ သည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်း**

ဘဏ်လုပ်ငန်းများကိုလည်းဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သောချေးငွေရရှိရန်စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့်လယ်သမားနှင့် အသေးစား လုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်အထိုက် အလျောက် များပြားသည့် ချေးငွေ လိုအပ်ပါသည်။ ကျေးရွာတွင်သမဝါ ယမအသင်းဖွဲ့စည်းထားခြင်း မရှိသေးသဖြင့် မြို့နယ်သမဝါယမအသင်းကချေးငွေလိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ် ကို ဆောင်ရွက် သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှု လုပ်ငန်းများဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့်

လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့် အလမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက် ၊ သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတခုလုံး၏ အမျိုးမျိုးကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊စက်မှု၊လက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ကျွန်တော်တို့ ကျေးရွာ မှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက် အကူပြု အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေး အောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့ နှင့်တိုးချဲ့ ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်မည့်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ် သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

### (၈)စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကိုလုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာအဓိက သော့ချက်များဖြစ်သည်။

### (က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက(၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှကျေးရွာလူထု သည်နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော် ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများ ဆိုသလိုပြောင်း လဲမှုမရှိနိုင်ပဲနောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့်(၅)

နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာ ဖွံ့ဖြိုးရေး အစီ အစဉ် ကိုဆောင်ရွက်သွားကြပါမည်။

**(ခ)ကဏ္ဍနှင့်ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကိုစီမံချက်ဆိုင်ရာ အချက်အလက်များကိုစီစစ်စိတ်ဖြာနိုင်ရန်လုပ်ငန်း ရပ်ဆိုင်ရာနှင့်ရင်းနှီးမြှပ်နှံမှုကိုအခြေခံပြီးစီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Fun ctional Classificati on)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစားဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက် ဘွယ် ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍အုပ်စုသတ်မှတ် ခြင်း (Economic Classification) သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်း မှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ လူသား ချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional Classification) ဝန်ကြီးဌာနများ ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်း အုပ်စုသတ်မှတ်ခြင်း (Economic Classification)တွင်

သာမန်အသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်၊

စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

**(ဂ)ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာ လူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလို အပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဦးစားပေးစီမံချက်များ**

| စဉ် အဆင့် | စီမံချက်လုပ်ငန်းအမည် | အဖွဲ့ (၁) | အဖွဲ့ (၂) | အဖွဲ့ (၃) | အဖွဲ့ (၄) | အဖွဲ့ (၅) | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁<br>၁ | ထရန်စဖော်မား(200KVA) အိုးအသစ်ပြောင်းလဲတပ်ဆင်ခြင်း | ၁၀ | ၁၀ | ၉ | ၈ | ၈ | ၄၅ |
| ၂<br>၂ | ရွာအဝင်လမ်းမကြီးကွန်ကရစ်လမ်းခင်းရန်၊ရွာတွင်းလမ်းမကြီးဝဲယာအုတ်ရေနုတ်မြောင်းတူးဖော်ပေးရန် | ၉ | ၉ | ၈ | ၇ | ၇ | ၄၀ |
| ၃<br>၃ | ဆေးပေးခန်းဆောက်လုပ်ပေးရန်၊ရေလောင်းအိမ်သာဆောက်လုပ်ရန်၊သားဖွားသူနာပြုဆရာမချထားပေးရန် | ၈ | ၇ | ၈ | ၆ | ၇ | ၃၆ |
| ၄<br>၄ | အားကစားကွင်းပြုပြင်ပေးရန် | ၇ | ၇ | ၈ | ၆ | ၆ | ၃၄ |
| ၅<br>၅ | စာကြည့်တိုက်တိုးချဲ့ရန်နှင့်စာကြည့်တိုက်အတွက်စာအုပ်စာတမ်းဖြည့်တင်းပေးရန် | ၆ | ၆ | ၇ | ၆ | ၆ | ၃၁ |
| ၆<br>၆ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစီမံချက်မြစိမ်းရောင်စီမံကိန်းချထားပေးရန် | ၅ | ၆ | ၆ | ၆ | ၆ | ၂၉ |
| ၇<br>၇ | သဲစားရိုးမြောင်းတူးဖော်ခြင်းလုပ်ငန်း | ၄ | ၅ | ၇ | ၅ | ၅ | ၂၆ |
| ၈<br>၈ | မြေဩဇာပံ့ပိုးပေးရန်၊စပါးမျိုးကောင်းမျိုးသန့်ပံ့ပိုးပေးရန် | ၄ | ၅ | ၆ | ၅ | ၅ | ၂၅ |

၉ ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့် ၃ ၃ ၇ ၆ ၄ ၂၃
၉

တင်ရေးနှင့်စီမံခန့်ခွဲမှုသင်တန်း

၁၀ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များပံ့ပိုး ၃ ၃ ၆ ၅ ၄ ၂၁
၁၀

ပေးရန်တိရစ္ဆာန်ကာကွယ်ဆေးထိုး

ပေးရန်

၁၁ ကျောင်းဆရာ/မဖြည့်တင်းပေးရန် ၃ ၄ ၅ ၄ ၃ ၁၉
၁၁

---

**(ဃ)အကောင်အထည်ဖော်မည့်ကာလ**

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်၌ပြုပြင်ရေးဆွဲပါမည်။စီမံချက်ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင်ဖော်ပြထားပါသည်။

**အကောင်အထည်ဖော်မည့်ကာလ**

---

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေး | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| | **အဆင့်** | | | | | | |
| ၁ | ထရန်စဖော်မား(200KVA) အိုးအသစ်ပြောင်းလဲတပ်ဆင်ခြင်း | ၁ | ✓ | | | | |
| ၂ | ရွာအဝင်လမ်းမကြီးကွန်ကရစ်လမ်းခင်းရန်၊ရွာတွင်းလမ်းမကြီးဝဲယာ အုတ်ရေနိုတ်မြောင်းတူးဖော်ပေးရန် | ၂ | | ✓ | | | |
| ၃ | ဆေးပေးခန်းဆောက်လုပ်ပေးရန်၊ရေ | ၃ | | ✓ | | | |

လောင်းအိမ်သာဆောက်လုပ်ရန်၊သား

ဖွားသူနာပြုဆရာမချထားပေးရန်

၄ အားကစားကွင်းပြုပြင်ပေးရန် ၄ ✓

၅ စာကြည့်တိုက်တိုးချဲ့ရန်နှင့်စာကြည့် ၅
✓

တိုက်အတွက်စာအုပ်စာတမ်းဖြည့်

တင်းပေးရန်

၆ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစီမံချက် ၆ ✓

မြစိမ်းရောင်စီမံကိန်းချထားပေးရန်

၇ သဲစားရိုးမြောင်းတူးဖော်ခြင်းလုပ်ငန်း ၇ ✓
✓

JJ

၈ မြေသြဇာပံ့ပိုးပေးရန်၊စပါးမျိုးကောင်း ၈ ✓

မျိုးသန့်ပံ့ပိုးပေးရန်

၉ ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့် ၉
✓

တင်ရေးနှင့်စီမံခန့်ခွဲမှုသင်တန်း

၁၀ မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များပံ့ပိုး ၁၀ ✓

ပေးရန်တိရစ္ဆာန်ကာကွယ်ဆေးထိုး

ပေးရန်

၁၁ ကျောင်းဆရာ/မဖြည့်တင်းပေးရန် ၁၁ ✓

---

**၉။ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင်ဖော်ပြထားသောစီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (Indicative) ဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှတ်တကယ် လိုအပ်သောဘတ်ဂျက် ပမာ ဏတွက်ချက်နိုင်ရန်အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မ တီသည်တချို့စီမံချက်များကိုရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်

ဝန်ဆောင်မှု ပေးသည့် လုပ်ငန်းများထံမှဘတ်ဂျတ် အပါအဝင်စီမံချက်ပြုစုရေး ဆွဲရေးအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျတ်ပမာဏတွင်ကျေးရွာလူထုငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာလုပ်အား၊ သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

## ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ

| စဉ် လူ သားချင် စာနာမှု | စီမံချက် | စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်) ထောက်ပံ့ | သာမန်အသုံး စရိတ် | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း / ငွေလုံးငွေရင်းအသုံးစရိတ်: ငွေလုံး ရင်းနှီးမြှုပ်နှံမှု | ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း / ငွေလုံးငွေရင်းအသုံးစရိတ်: စွမ်းဆောင် ရည်မြှင့် တင်ရေး |
|---|---|---|---|---|---|
| ၁ | ထရန်စဖော်မား(200KVA)အိုးအသစ် ပြောင်းလဲတပ်ဆင်ခြင်း | | | ✓ | |
| ၂ | ရွာအဝင်လမ်းမကြီးကွန်ကရစ်လမ်းခင်း ရန်၊ရွာတွင်းလမ်းမကြီး၊ဝဲရေနုတ်မြောင်း တူးဖော်ပေးရန် | | | ✓ | |
| ၃ | ဆေးပေးခန်းဆောက်လုပ်ပေးရန်၊ရေလောင်း အိမ်သာဆောက်လုပ်ရန်၊သွားဖွားသူနာပြုဆရာ မချထားပေးရန် | | | ✓ | |
| ၄ | အားကစားကွင်းပြုပြင်ပေးရန် | | | ✓ | |
| ၅ | စာကြည်တိုက်တိုးချဲ့ရန်နှင့်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းဖြည့်တင်းပေးရန် | | | | ✓ |
| ၆ | ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုစီမံချက်၊ မြစိမ်းရောင်စီမံကိန်းချထားပေးရန် | | | | ✓ |
| ၇ | သဲစားရိုးမြောင်းတူးဖော်ခြင်းလုပ်ငန်း | | | ✓ | |
| ၈ | မြေဩဇာပံ့ပိုးပေးရန်၊စပါးမျိုးကောင်းမျိုးသန့်ပံ့ပိုး ပေးရန် | | | | ✓ |
| ၉ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ရေးနှင့် စီမံခန့်ခွဲမှုသင်တန်းပေးရန် | | | | ✓ |
| ၁၀ | မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များပံ့ပိုးပေးရန်၊ တိရစ္ဆာန်ကာကွယ်ဆေးထိုးပေးရန် | | | | ✓ |

## ၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

